# အခန်း ၁၂

# ဒုတိယနေ့တိုက်ပွဲ

နောက်တစ်နေ့နံနက် နေထွက်သည်နှင့်တစ်ပြိုင်နက် ၎င်းနေ့တိုက်ပွဲအတွက် ပြင်ဆင်ကြလေ၏။ မာရှယ်အရာရှိများနှင့် ၎င်းတို့၏ တပည့်များသည် တစ်ဖက်လျှင် လူစွမ်းကောင်း ၅၀ စီရှိသော လူနှစ်စုရရှိမှုအတွက် လျှောက်ထားသူများအနက်မှ အကောင်းဆုံးလူများကို ရွေးချယ်ကြလေ၏။ ပရိသတ်များသည် ယမန်နေ့ကနည်းတူ ထောင်ပေါင်းများစွာရောက်လာ၍ နေမမြင့်သေးမီအချိန်ကပင် ထိုင်ရန်အတွက်သော်လည်းကောင်း၊ ရပ်ရန်အတွက်သော်လည်းကောင်း နေရာတစ်ခုမျှ မလစ်လပ်တော့ချေ။

ထိုနေ့တိုက်ပွဲ၌ တစ်ဖက်သောလူစု၏ခေါင်းဆောင်မှာ အမွေပြတ်သားခေါ် လူစွမ်းကောင်းပင်ဖြစ်လေရာ ဆာဘရိုင်ယန်မှာလည်း ယမန်နေ့တိုက်ပွဲတွင် ဒုတိယအကောင်းဆုံးလူစွမ်းကောင်းဖြစ်သည့်အတွက်ကြောင့် ဒုတိယလူစု၏ခေါင်းဆောင်အဖြစ်ဖြင့် ရွေးချယ်ခြင်း ခံရ၏။

ဆာဘရိုင်ယန်ဘက်မှ ယမန်နေ့က ချဲလင်းဂျားများအပြင် အမွေပြတ်သားကို နှိမ်နင်းရန် မျှော်လင့်နေကြသည့် ဂွျန်မင်းသား၏နောက်လိုက် လူစွမ်းကောင်းများလည်း ပါဝင်ကြ၏။ ဆက်ဆွန်မြေပိုင်ရှင်ကြီး

လော့အက်သဲလ်စတိန်သည် ဆီဒြစ်၏အလိုမတူဘဲ ဆာဘရိုင်ယန်ဘက်မှ ပါဝင်ထားလေ၏။ အကြောင်းမူကား အမွေပြတ်သားက လေဒီရိုဝင်နာအား အလှဘုရင်မအဖြစ်ဖြင့် တင်မြှောက်ထားခြင်းကို အက်သဲလ်စတိန်က မရှုဆိတ်နိုင်အောင် ဖြစ်နေသောကြောင့်ပေတည်း။ အက်သဲလ်စတိန်မှာ ဆီဒြစ်၏သဘောတူညီချက်အရ လေဒီရိုဝင်နာကို တစ်နေ့နေ့တွင် ထိမ်းမြားလက်ထပ်ရန်မှန်းထား သည့်အတွက်ကြောင့် မိမိမှတစ်ပါး အခြားသူတစ်ဦးတစ်ယောက်က လေဒီရိုဝင်နာအား ဘုရင်မတင်မြှောက်ခြင်းကို သဘောမကျနိုင်ချေ။

ဂျွန်မင်းသားသည် ကွက်လပ်ကြီးသို့ ဆိုက်ရောက်လာသောအခါ လေဒီရိုဝင်နာကိုလိုက်၍ရှာလေရာ ဆီဒြစ်တို့လူစုအထဲတွင် ၎င်းကိုမြင်သဖြင့် ဆက်ဆွန်များရှိရာ စင်မြင့်တန်းလျားဆီသို့ မြင်းစီးသွားပြီးလျှင် အလှဘုရင်မအတွက် ပြင်ဆင်ထားသော ရာဇပလ္လင်ရှိရာသို့ လေဒီရိုဝင်နာအား ခေါ်ဆောင်သွားပါမည့်အကြောင်းကို ဦးညွှတ်ကာ ပြောဆိုလေ၏။ လေဒီရိုဝင်နာသည် သရဖူကိုဆောင်း၍ ပလ္လင်ထက်တွင် ထိုင်မိသည်နှင့်တစ်ပြိုင်နက် ခရာမှုတ်သမားများသည် စစ်နှင့်ဆိုင်ရာတေးသွားတို့ဖြင့် ဆူညံစွာကြွေးကြော်ကြလေရာ ပရိသတ်များကလည်း အလှဘုရင်မကို နှုတ်ဆက်သောအားဖြင့် ဆူညံစွာ ကြွေးကြော်ကြလေ၏။

၎င်းနောက် ပွဲကြပ်အရာရှိများက တိတ်တိတ်နေကြရန် အမိန့်ပေး၍ တိုက်ပွဲစည်းကမ်းများကို ဖတ်ပြလေ၏။

၎င်းတိုက်ပွဲ၌ အသွားထက်သောဓားများနှင့် အဖျားချွန်သောလှံများကို အသုံးပြုနိုင်သော်လည်း ဓားဖြင့်ထိုးခြင်းကို အခွင့်မပြုချေ။ သံတုတ်ကြီးကိုဖြစ်စေ၊ စစ်ပုဆိန်ကိုဖြစ်စေ အသုံးပြုနိုင်၏။ သို့ရာတွင် ဓားမြှောင်ကိုမူကား အသုံးမပြုရချေ။ မြင်းပေါ်မှလိမ့်ကျသော လူစွမ်းကောင်းတစ်ယောက်အား အခြားလူစွမ်းကောင်းတစ်ယောက်က ခြေကျင်ဖြင့်သာ

တိုက်ခိုက်နိုင်၏။ မြင်းစီးသော လူစွမ်းကောင်းသည် မြင်းပေါ်မှကျနေသော လူစွမ်းကောင်းတစ်ယောက်ကို တိုက်ခိုက်ခြင်း မပြုနိုင်ချေ။

လူစွမ်းကောင်းတစ်ယောက်သည် မိမိ၏ရန်သူကို ကွက်လပ်ကြီးတစ်ဖက်စွန်း၌ ရှိသော သစ်သားတိုင်များနှင့် ထိမိသည်တိုင်အောင် ဖိတိုက်နိုင်ခဲ့လျှင် ထိုသူသည် အနိုင်ရ၍ ရှုံးသောလူစွမ်းကောင်း၏ မြင်းနှင့် သံချပ်အင်္ကျီကို သိမ်းပိုက်ရရှိနိုင်၏။ ထိုကဲ့သို့ ရှုံးနိမ့်ပြီးသော လူတစ်ယောက်သည် ဆက်လက်တိုက်ခိုက်ခြင်းမပြုရဘဲ ကွက်လပ်ကြီးမှ ထွက်လာခဲ့ရ၏။ လူတစ်ယောက်သည် မြင်းပေါ်မှကျ၍ မထနိုင်ခဲ့လျှင် ၎င်း၏တပည့်များက ထိုလူကို ဆွဲထုတ်သွားနိုင်၏။ သို့ရာတွင် ထိုလူမှာ တိုက်ပွဲ၌ရှုံးပြီဟု ယူဆ၍ ၎င်း၏မြင်းနှင့်သံချပ်အင်္ကျီတို့ကို အဆုံးခံရ၏။ ဂွန်မင်းသားက လက်၌ကိုင်ထားသော နှင်တံကို အောက်သို့ ပစ်ချလိုက်သည်နှင့်တစ်ပြိုင်နက် တိုက်ပွဲရပ်စဲကြရ၏။

အရာရှိများသည် အထက်ပါစည်းကမ်းချက်များကို ဖတ်ပြပြီးနောက် မိမိတို့နေရာသို့ ပြန်သွားကြရလေရာ ငါးဆယ်မျှသော လူစွမ်းကောင်းနှစ်စုတို့သည် ကွက်လပ်ကြီးတစ်ဖက်တစ်ချက်တွင် ဝင်လ ကြလေ၏။ လူစွမ်းကောင်းများသည် တစ်ဖက်နှင့်တစ်ဖက်မျက်နှာချင်းဆိုင်ကာ တစ်ယောက်စီ စီတန်းလျက်ရှိရာ ၎င်းတို့၏ခေါင်းဆောင်သည် ရှေ့မှရပ်လျက် တိုက်ပွဲစရန် မင်းသား၏အချက်ပေးခြင်းကို စောင့်ကြည့်နေကြလေ၏။

လူစွမ်းကောင်းအသီးသီးသည် ဦးခေါင်းမှ ခြေဖျားသို့တိုင်အောင် ဖုံးလျက်ရှိသော သံကိုယ်ကျပ်အင်္ကျီများကို ဝတ်ဆင်ကာ မြင်းပေါ်၌ ထိုင်လျက်ရှိစဉ် သံတိုင်ကြီးများနှင့်တူလှပေ၏။ ဦးခေါင်းမှစွပ်လျက်ဆောင်းထားသော သံခမောက်ကြီးများတွင် မျက်စိအတွက် သံချောင်းကြီးများ ကာထားသည့်အပေါက်များရှိကြ၏။

အချက်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် ခရာသံများ ဆူညံစွာ မှုတ်ကြ၍ လူစွမ်းကောင်းများသည် မိမိတို့၏လှံကို ရန်သူ၏ရင်ဘတ်ဆီသို့ ချိန်ရွယ်ကာ မြင်းများနှင့် ကဆုန်စိုင်း၍လာကြရာ ဂျွန်မင်းသားနှင့် အလှဘုရင်မတို့ရှိသည့် စင်မြင့်တန်းလျား၏ရှေ့ကွက်လပ်ကြီး၏ အလယ်တွင် ကြောက်မက်ဖွယ် ပြင်းထန်သောအဟုန်ဖြင့် တွေ့ဆုံမိကြလေ၏။

တွေ့ဆုံသည့်တစ်ခဏ၌ မြူမှုန်များ တထောင်းထောင်းထလာ၍ လူများ၊ မြင်းများ၊ အလံများ၊ လှံများနှင့် ငှက်မွေးများသည် ထွေးလုံးရစ်ပတ်ဖြစ်ကာ ရှုပ်ထွေးစွာရှိနေသဖြင့် တစ်စုံတစ်ရာမျှ သဲကွဲအောင် မမြင်နိုင်ချေ။ သို့ရာတွင် မြူမှုန်များရှင်းလင်းသွားသည့်နောက် တစ်ခဏ၌ တစ်ဝက်ခန့်မျှသော လူစွမ်းကောင်းများသည် မြင်းများပေါ်မှ လိမ့်ကျ၍ အချို့မှာ မိမိတို့ဒဏ်ရာများမှ ယိုစီး၍ထွက်သော သွေးများကို ရပ်စဲအောင် ကြိုးစားလျက်လည်းကောင်း၊ အချို့မှာ စင်းစင်းသေသဖြင့် ငြိမ်သက်စွာ လဲကျလျက်လည်းကောင်း ရှိနေကြသည်ကို တွေ့မြင်နိုင်ပေ၏။ လှံများအားလုံးလိုပင် ကျိုးပဲ့ကုန်ကြသည်ဖြစ်သောကြောင့် မြင်းပေါ်မှ မကျသေးသော လူစွမ်းကောင်းများသည် သံတုတ်၊ စစ်ပုဆိန်၊ ဓားအစရှိသော လက်နက်တို့ဖြင့် တစ်ယောက်ကိုတစ်ယောက် ထိုးခုတ်တိုက်ခိုက်လျက် ရှိကြ၏။ တစ်ခဏ၌ ကွက်လပ်ကြီး၏မြောက်စွန်းဘက်၌ရှိသော လူစွမ်းကောင်းများဘက်မှ အရေးသာလျက်ရှိရာ နောက်တစ်ခဏ၌ တောင်စွန်းဘက်၌ရှိသော လူစွမ်းကောင်းများက အနိုင်ရတော့မည်ကဲ့သို့ ဖြစ်နေလေ၏။ တစ်ခဏ၌ ဆာဘရိုင်ယန်တို့လူစုက နိုင်တော့မည်ကဲ့သို့ ဖြစ်နေရာ နောက်တစ်ခဏ၌ အမွေပြတ်သားတို့လူစုဘက်မှ အောင်မြင်တော့မည်ကဲ့သို့ မှတ်ထင်ရလေ၏။

ထိုအတောအတွင်း၌ တဒုန်းဒုန်း တဒိုင်းဒိုင်း၊ တဗုန်းဗုန်း တဗိုင်းဗိုင်း

ရိုက်နှက်ထိုးခုတ်ကြသော အသံများ၊ လူစွမ်းကောင်းများ၏ ကြွေးကြော်သံပေး၍ တိုက်သောအသံများ၊ မြင်းများ၏ ဟီသံများ၊ ခရာမှုတ်သံများ အစရှိသော အသံအမျိုးမျိုးတို့သည် မြင်းများ၏ခြေထောက်ကြားတွင် လဲလျက်သေတော့မည်ဆဲဆဲ ညည်းညူလျက်ရှိသော ဒဏ်ရာရသူများ၏ အော်သံများနှင့် ရောနှောလျက်ရှိနေတော့၏။ သံခမောက်ထိပ်၌ တပ်ဆင်ထားသော ငှက်မွေးများသည် ပုဆိန်ချက်၊ ဓားချက်ကြောင့် မြေပေါ်သို့ ပြုတ်ကျလျက်လည်းကောင်း၊ ရွှေဇဝါမြှုပ်ထားသော သံချပ်အင်္ကျီများမှာ ပြင်းထန်သော ပုဆိန်ချက်ကြောင့် ပိန်ခွက်ရှုံ့တွလျက်လည်းကောင်း၊ ဆေးရောင်စုံခြယ်ထားသော ဒိုင်းကြီးများမှာ ထက်ခြမ်းကွဲလျက်လည်းကောင်း၊ တလက်လက်တောက်ပြောင်သော လက်နက်များနှင့် လှပသော ကုန်းနှီးအဝတ်များမှာ သွေးများစွန်းပေသဖြင့် အရောင်မှေးမှိန်လျက်လည်းကောင်း ရှိနေကြလေ၏။ ရဲရင့်ခြင်း၊ ဗလကောင်းခြင်း၊ ကျင်လည်ခြင်း၊ ဂုဏ်အခြင်းအရာများနှင့် ပြည့်စုံသည့် လူစွမ်းကောင်းများအားလုံးအနက်တွင် အမွေပြတ်သားနှင့် ဆာဘရိုင်ယန်တို့မှာ အထူးရဲရင့်၍၊ အထူးကျင်လည်သည်ကို တွေ့မြင်ကြရ၏။ ထိုသူနှစ်ယောက်တို့သည် တစ်ဖက်သောရန်သူကို မိမိတို့၏ လက်နက်ဖြင့် တစ်ယောက်စီ တစ်ယောက်စီ ထိုးခုတ်ချလိုက်သည့်အခါတိုင်း ပရိသတ်တို့သည် ဝေါခနဲ ဝေါခနဲ မြည်သည်တိုင်အောင် ဆူညံစွာ သြဘာပေးကြလေ၏။ နောက်ဆုံး၌ တစ်ဖက်ငါးဆယ်စီ တိုက်ခိုက်လျက်ရှိသည့် ၄င်းတိုက်ပွဲကြီးတွင် ထိုသူနှစ်ယောက်တို့သည် ပထမ အကြိမ်မျက်နှာချင်းဆိုင်မိကြလေ၏။ တစ်ဦးက ခုတ်လိုက်ခြင်းကို တစ်ဦးက ကျင်လည်စွာတိမ်းရှောင်၍ တစ်ဦးက ထိုးလိုက်ခြင်းကို တစ်ဦးက ကျင်လည်စွာဖယ်ရှားလိုက်ရကား အားလုံးသော ပရိသတ်တို့မှာ နှစ်ဦးစလုံးတို့၏ ကျင်လည်ခြင်းကို ချီးကျူးသောအားဖြင့် အသံမပြတ်စေအောင် ဟဲခနဲ ဟဲခနဲ ဟစ်အော်နေကြလေ၏။

တစ်ခဏ၌ အမွေပြတ်သားမှာ အရေးနိမ့်တော့မည်ကဲ့သို့ ဖြစ်သွား၏။ တစ်ဖက်၌ အလုံးအရပ်ထွားကျိုင်းသော ဖရန်ဒီဘိုးက တိုက်ခိုက်၍ အခြားတစ်ဖက်၌ ခွန်အားဗလကြီးမားသော အက်သဲလ်စတိန်က တိုက်ခိုက်နေသဖြင့် အမွေပြတ်သားမှာ ထိုသူနှစ်ယောက်တို့ကြားတွင် ညှပ်လျက် ရှိနေတော့၏။

ထိုအခါ ပရိသတ်တို့က "သတိထားပါ အမွေပြတ်သား၊ သတိထားပါ" ဟု အော်ဟစ်ကာ သတိပေးကြ၏။ အမွေပြတ်သားသည် မိမိအား နှစ်ယောက်ညှပ်လျက် တစ်ပြိုင်တည်း တိုက်ခိုက်မည့်အရေးကို တွေးမြင်လေရကား ထိုလူနှစ်ယောက်တို့သည် မိမိထံ မြင်းစိုင်းလျက် လာကြစဉ် အမွေပြတ်သားသည် မိမိ၏မြင်းကို အလွန်ကျင်လည် လျင်မြန်စွာ နောက်သို့ဆုတ်လိုက်သဖြင့် ရန်သူနှစ်ယောက်တို့မှာ အရှိန် မသတ်နိုင်ဘဲ မိမိတို့အချင်းချင်း ပြင်းထန်စွာတိုးဝှေ့မိလေ၏။ နောက် တစ်ခဏ၌ ထိုလူနှစ်ယောက်တို့သည် မိမိတို့မြင်းများကို ဇက်သတ်၍ ဆာဘရိုင်ယန်နှင့်အတူ အမွေပြတ်သားကို သုံးယောက်ဝိုင်း၍ တိုက်ခိုက် ကြလေ၏။ အမွေပြတ်သားမှာ ယမန်နေ့က ရရှိထားသည့် အံ့ဩဖွယ် သန်စွမ်းဖျတ်လတ်သောမြင်းကြောင့်သာလျှင် ထိုလူသုံးယောက်တို့၏ ရန်ကို ခုခံနိုင်ရုံမျှ ရှိလေတော့၏။ ကံကောင်းသောအချက်တစ်ခုမှာ ဆာဘရိုင်ယန်၏မြင်းသည် ဒဏ်ရာရရှိသွား၍ အခြားသူနှစ်ယောက် တို့ မြင်းများမှာလည်း မိမိတို့သခင်၏ လွန်မင်းစွာ လေးလံသော ကိုယ် အတ္တဘောကြီးကို သယ်ဆောင်ရသည့်အတွက် မောပန်းလျက်ရှိကြလေ ၏။ မိနစ်အနည်းငယ်အဖို့၌ အမွေပြတ်သားသည် ရန်သူသုံးယောက် တို့၏တိုက်ခိုက်ခြင်းကို အနည်းနည်းခုခံခြင်းအားဖြင့် အရေးမနိမ့်ရ အောင် ကြိုးစားလျက်ရှိ၏။ ရှေ့သို့ ရုတ်တရက် ခုန်ထိုးခြင်း၊ နံဘေးသို့ ဖျတ်ခနဲလှည့်ခြင်း၊ ကွေ့ဝိုက်ကွင်းရှောင်၍ပြေးခြင်း စသည်ဖြင့် သိမ်းငှက်

တစ်ကောင်၏လျင်မြန်သွက်လက်ခြင်းဖြင့် အမွေပြတ်သားသည် ရန်သူတစ်ယောက်ကို တစ်လှည့်စီခုတ်ထစ်၍ ၎င်းတို့အားလုံး၏ထိုးခုတ်ခြင်းများကို တိမ်းရှောင်နိုင်ခဲ့၏။ ကွက်လပ်ကြီးတစ်ခုလုံးမှာ ပရိသတ်တို့၏ သြဘာသံများဖြင့် ဆူညံလျက်ရှိ၏။ သို့ရာတွင် ထိုကဲ့သို့ သုံးယောက်နှင့် တစ်ယောက် တိုက်ခိုက်ရခြင်းအလုပ်မှာ ကြာရှည်စွာမဖြစ်နိုင်ကြောင်း ထင်ရှားလေရကား ဂျွန်မင်းသားပတ်ဝန်းကျင်၌ရှိသော မှူးကြီးမတ်ရာတို့က ထိုမျှလောက်ရဲစွမ်းသတ္တိနှင့်ပြည့်စုံသောသူရဲကောင်း တစ်ယောက်၏အသက်ကို ကယ်ဆယ်စိမ့်သောငှာ နှင်တံကိုပစ်ချ၍ တိုက်ပွဲကို ရပ်စဲပေးရန် တောင်းပန်ကြ၏။

သို့ရာတွင် ဂျွန်မင်းသားက "ရပ်မပေးနိုင်၊ မနေ့က ဆုကို သူရသည်။ ယနေ့ သူ့လက်မှ တစ်ယောက်ယောက်က ရပါစေ"။

ဂျွန်မင်းသားက ထိုကဲ့သို့ပြန်ပြောလျက်ရှိစဉ် မမျှော်လင့်သော အခြင်းအရာတစ်ခုဖြစ်ပေါ်လာသည့်အတွက်ကြောင့် တိုက်ပွဲအခြေအနေ ပြောင်းလဲသွားလေ၏။

အမွေပြတ်သားဘက်မှ တိုက်ခိုက်သောလူစွမ်းကောင်းငါးဆယ်တို့အနက် မြင်းနက်ကြီးကိုစီးခဲ့ကာ အနက်ရောင်သံချပ်အင်္ကျီကို ဝတ်ဆင်၍ အလုံးအရပ်အလွန်ထွားကျိုင်းသော လူစွမ်းကောင်းကြီးတစ်ယောက် ပါရှိ၏။ ထိုသူသည် ပထမအကြိမ် မြင်းချင်းဆိုင်၍တိုက်ကြပြီးသည့်နောက် ကြိုးစားပမ်းစား တိုက်ခိုက်သည့်လက္ခဏာမရှိဘဲ ဝတ်ကျေဝတ်ကုန်သဘောမျိုးဖြင့် ခပ်အေးအေးတိုက်ခိုက်လာခဲ့၏။ ထိုသူသည် မိမိအား တိုက်ခိုက်သူများကို အလွယ်တကူနှိမ်နင်း၍ ၎င်းကိုယ်တိုင်ကမူ မည်သူ့အားမျှ တိုက်ခိုက်ခြင်းမပြုခဲ့ချေ။ စင်စစ်အားဖြင့် ထိုသူမှာ တိုက်ပွဲကြီးအလယ်တွင် ပွဲကြည့်တစ်ယောက်ကဲ့သို့ ဖြစ်နေသဖြင့် ပရိသတ်တို့က ၎င်းအား မောင်ပျင်းဟူသောအမည်ဖြင့် မှည့်ခေါ်ထားကြ၏။

ထိုသူသည် မိမိ၏ခေါင်းဆောင်ဖြစ်သော အမွေပြတ်သား၏ဘေးအန္တရာယ်ကို တွေ့မြင်ရသည်နှင့်တစ်ပြိုင်နက် ပျင်းရိသောအမူအရာကို ရုတ်တရက် စွန့်ပယ်၍ ဖရန်ဒီဘိုးထံသို့ ငြာသံပေးကာ ပြေးလာပြီးလျှင် ၎င်း၏ရှည်လျားလေးလံသော ပုဆိန်ကြီးဖြင့် ဦးခေါင်းကို ထုလိုက်ရာ ပုဆိန်သည် ဖရန်ဒီဘိုး၏သံခမောက်မှချော်၍ မြင်းဦးခေါင်းကို ထုနှက်မိလေရကား ဖရန်ဒီဘိုးမှာ လူရောမြင်းပါ မြေပေါ်သို့ လိမ့်သွား၍ မလှုပ်မရှားနိုင်ဘဲ ငြိမ်သက်စွာလဲနေလေတော့၏။ ၎င်းနောက် ထိုသူသည် အက်သဲလ်စတိန်ထံသို့ ပြေးလာပြန်၍ ရှေးနည်းအတူ ပုဆိန်ကြီးဖြင့် ထုနှက်လိုက်ပြန်ရာ အက်သဲလ်စတိန်မှာ ကုန်းနှီးပေါ်မှ လွင့်စဉ်၍ မြေပေါ်၌ မှူးမေ့နေလေ၏။ ယင်းသို့ ပြုလုပ်ပြီးနောက် ဆာမောင်ပျင်းသည် ရှေးနည်းအတူ ပွဲကြည့်တစ်ယောက်သဖွယ် ငြိမ်ဝပ်စွာနေပြန်၍ အမွေပြတ်သားနှင့် ဆာဘရိုင်ယန်တို့ တစ်ယောက်ချင်း တိုက်ခိုက်သည်ကို ခပ်အေးအေးကြည့်နေပြန်လေ၏။ အမွေပြတ်သားမှာ ထိုကဲ့သို့ တစ်ယောက်ချင်းတိုက်ခိုက်ရသည်ကို နှစ်သက်ဟန်လက္ခဏာဖြင့် စိတ်ပါလက်ပါ ကျင်လည်စွာ တိုက်ခိုက်လျက်ရှိပေ၏။ နောက်တစ်ခဏ၌ အမွေပြတ်သားသည် ဆာဘရိုင်ယန်ကို မြင်းနှင့် အတင်းပြေးဝင်တိုက်ခိုက်စဉ် ဆာဘရိုင်ယန်၏မြင်းမှာ ဒဏ်ရာမှ သွေးများမှာ ယိုစီးထွက်ကျသည့်အတွက်ကြောင့် ခွန်အားနည်းလျက်ရှိနေရကား မြေပေါ်သို့ လွင့်စဉ်ကာလိမ့်သွား၍ ဆာဘရိုင်ယန်မှာလည်း ခြေထောက်ကိုနင်းကွင်းမှ မထုတ်နိုင်သည့်အတွက်ကြောင့် အမွေပြတ်သားပြုသလိုခံရမည့် အဖြစ်သို့ ရောက်သွားလေတော့၏။ နောက် တစ်ခဏ၌ အမွေပြတ်သားသည် မြင်းပေါ်မှ ခုန်ဆင်း၍ မိမိဓားကို ဆာဘရိုင်ယန်၏ဦးခေါင်းထက်တွင် ဝင့်ယမ်းလျက် အရှုံးပေးလျှင်ပေး၊ မပေးလျှင် သေစေမည်ဟု ပြောလေ၏။ သို့ရာတွင် ဂျွန်မင်းသားသည် မိမိ၏အချစ်တော်တစ်ယောက် အကျဉ်း

အကျပ်သို့ရောက်နေသည်ကို တွေ့မြင်ရသည်ဖြစ်၍ ဆာဘာရိုင်ယန်က မည်သို့မှ ပြန်မပြောနိုင်မီ နှင်တံကို ပစ်ချလိုက်ခြင်းအားဖြင့် တိုက်ပွဲကိုရပ်စဲစေ၍ ဆာဘာရိုင်ယန်ကို ကယ်ဆယ်လိုက်လေ၏။

စင်စစ်သော်ကား တိုက်ပွဲ၌ရပ်စဲရန် လူစွမ်းကောင်းများစွာ မကျန်တော့ချေ။ အကြောင်းမူကား ပထမစတင်တိုက်ခိုက်ကြသော လူစွမ်းကောင်းတစ်ရာတို့အနက် ၂၀ ခန့်မျှသာလျှင် မတ်တတ်ရပ်လျက် ကျန်ရစ်တော့သည်ဖြစ်ရာ ၎င်းတို့မှာလည်း မိမိတို့ကိုယ်တိုင် မတိုက်ခိုက်တော့ဘဲ ခေါင်းဆောင်နှစ်ယောက်တို့၏ တိုက်ပွဲကိုသာလျှင် စောင့်ကြည့်နေကြသောကြောင့်ပေတည်း။ အချို့သော လူစွမ်း ကောင်းများမှာ မြေပေါ်တွင် စင်းစင်းသေလျက်၊ အချို့မှာ မြေပေါ်၌ မလှုပ်ရှားနိုင်အောင် ဒဏ်ရာ အနာတရရရှိကြလေရာ လူစွမ်းကောင်းအားလုံးတို့မှာ သေသည်အထိ အမှတ်အသားများ ပါရှိလောက်အောင် ဒဏ်ရာများရရှိကြသည်သာလျှင် ဖြစ်လေ၏။

ထိုအခါ လူစွမ်းကောင်းများ၏ တပည့်များနှင့် အစေခံများသည် ကွက်လပ်ကြီးထဲသို့ဝင်၍ မိမိတို့ဆရာ၏အလောင်းများ၊ သို့မဟုတ် ဒဏ်ရာရသော လူစွမ်းကောင်းများကို အပြင်သို့ တွဲထုတ်သယ်ဆောင်သွားကြလေ၏။

ဂျွန်မင်းသားမှာ အလှဘုရင်မက သရဖူဆောင်းပေးခြင်းခံရမည့် လူစွမ်းကောင်းကို ရွေးချယ်ရန် ဝတ္တရားရှိပေရာ အမွေပြတ်သားကို မရွေးချယ်ဘဲ ပရိသတ်များက ဆာမောင်ပျင်းဟူ၍ အမည်ပေးထားသည့် လူစွမ်းကောင်းကို ရွေးချယ်မည်ဟု စိတ်ထဲ၌ ဆုံးဖြတ်ထား၏။ စင်စစ်သော်ကား ဆာမောင်ပျင်းမှာ တိုက်ပွဲတွင် အဟုတ်တကယ်ပါ ဝင်တိုက်ခိုက်သည်မဟုတ်ဘဲ အမွေပြတ်သားသည်သာလျှင် တစ်ဖက်မှ အကောင်းဆုံး လူစွမ်းကောင်း ၆ ယောက်ကို နိုင်နင်း၍ ခေါင်းဆောင် ဆာဘာရိုင်ယန်ကို